
IMPERIAL QUEENS
webnovel translations
(စာစဥ် - ၂၁)
၉၀ ခုနစ်များမှ စည်းကမ်းကြီးသည့်ဇနီးသည်
ဘာသာပြန် -IQ team

# Part 476

လင်းလန် တုန်ဟွိုင်ဟွနှင့် အတူသွားခဲ့၏။

တပ်မဟာဌာနချုပ်သို့ ရောက်သောအခါတွင် တပ်မဟာမှူး(အုပ်ချုပ်ရေးမှူး)၊ ဟန်ရုံဖန်၊ လျို့ကွေ့ဖာနှင့် အခြားသူများ ထိုင်နေပြီဖြစ်သည်။ ၎င်းတို့အောက်တွင် လျို့ဝမ်ဟူ၏မိသားစု၊ ဝူချိုက်ရှန် နှင့် သူ၏သမီးနှင့်သား၊ ပြည်သူ့စစ်များစွာ၊ တပ်မဟာကေဒါများနှင့် ကျန်းမာရေးမှူးများ ရှိနေ၏။

အမျိုးသမီးဝူက သူမခေါင်းကို အဝတ်တစ်ထည်နှင့်ပတ်ထားပြီး နဖူးက အညိုအမည်းစွဲနေကာ

ဆက်တိုက် တအိုးအိုး လုပ်နေလျက် ဒေါသထွက်၍ သေတော့မည်ဟုပြောနေသည်။

လျို့ဝမ်ဟူမှာ အချိန်အတော်ကြာ ချုပ်နှောင်ခံရပြီးနောက် အနည်းငယ် စိတ်ဓာတ်ကျသွားပြီး စွန်းအိုက်ဖုန်းက သူ့ကို အားပေးနေခဲ့သည်။

တစန်းနှင့်တဝေ့တို့ကမူ မရောက်သေးပေ။

ဝူချိုက်ရှန်းက ကလေးတွေကို ခေါင်းပေါ်အဝတ်ဖြူပတ်ကာ ခေါ်လာပြီး ကလေးနှစ်ယောက်က သားသမီးဝတ်တွာရားနှင့်အညီ ဝတ်ဆင်ထား၏။

သဘာဝအတိုင်း အိမ်မှာ အထည်အပိုမရှိပေ။ ၎င်းတွင် ချည်စချည်နတွေရှိနေဆဲပင်။ စောင်ပြဲသွားသဖြင့် ကြံရာကျပန်း ချုပ်ရိုးအနည်းငယ်လိုက်ကာ ကိုယ်ပေါ်တွင် ဝတ်ထားခြင်းမှန်းသိသာလေသည်။

ဝူချိုက်ရှန်း၏ မျက်လုံးများမှာ အလွန်ရောင်ရမ်းနေ၍ သူမ၏မျက်ဆံများကို မမြင်ရချေ။ ယခု သူမက အငိုရပ်သွားကာ  အသက်ကယ်ကောက်ရိုးတစ်မျှင်ကဲ့သို့ သူမသားလေးကိုသာ ပွေ့ဖက်ထားသည်။

လျှိုဝမ်ဟူက သူတို့သားအမိသုံးယောက်ကို အသားထဲက ဆူးပင်တွေလို စိုက်ကြည့်နေ၏။

ယန်ယန်က သူမ၏ လက်သီးများကို ဆုပ်ထားပြီး အမေဖြစ်သူကို မှီကာ လျှိုဝမ်ဟူကို စူးရှစွာ ပြန်ကြည့်လိုက်သည်။

လျှိုဝမ်ဟူက ဒေါသတကြီးဖြင့် သူ့လက်များကို ဝှေ့ယမ်းလိုက်ပြီးဆို၏။

"လူမိုက်..."

ယန်ယန်: "သောက်ဖျင်း"

လျှိုဝမ်ဟူက သူ့ကိုရိုက်တော့မည်ပြုသည်။

ဟန်ရုံဖန်က ချောင်းဟန့်လိုက်ပြီး

"ပြဿနာမရှာနဲ့"

လျှိုဝမ်ဟူက ချက်ချင်း ပြန်ဆုတ်လိုက်ပြီး ယန်ယန်ကို မကျေမနပ်တံတွေးနှင့်လှမ်းထွေးလေသည်။

ယန်ယန်ကလည်း ချက်ချင်းပင် တံတွေးနှင့် ပြန်ထွေးလိုက်သည်။

အပြင်ကလူအုပ်ထဲရှိ ချိုက်ဟွားက ယန်ယန်ကို မျက်တောင်ခတ်ပြပြီး သူမကို စိတ်မြန်လက်မြန်မလုပ်ရန်နှင့် ယခုလောလောဆယ် သည်းခံရန် အမူအရာပြလိုက်၏။ သူမ ယန်ယန်၏ဘေးတွင် ဝင်ထိုင်ချင်သော်လည်း သက်ဆိုင်ရာလူအားလုံးပါဝင်နေသည့်အတွက် သနားစရာပါပင်။ သူမဝင်သွားပါက လျှိုဝမ်ဟူက မနာလိုဖြစ်ကာ သူမ၏လူကြီးများနှင့် စကားများသည့်အချိန်ရောက်လာသည့်မခါ သူမ၏မိဘများက သူမကို ထပ်ပြီး ဆူကြပေ

လိမ့်မည်။

ထို့ကြောင့် သူ အပြင်မှာပဲနေပြီး စောင့်ကြည့်နေနိုင်ရုံရှိသည်။

အမျိုးသမီးဝူက ခေါင်းမော့ကာ အော်ဟစ်လိုက်၏။

"ငါ့သားသေပြီ… ဒါပေမဲ့ ငါမသေသေးဘူး… ငါက လူအိုကို ပြုစုစောင့်ရှောက်နေရတုန်းပဲ"

လင်းလန် သူမကို အလွန်အမင်း အထင်သေးစွာကြည့်လိုက်သည်။ဤကဲ့သို့သော အဘွားကြီးမျိုး သူမတစ်ခါမှ မမြင်ဖူးပေ။ သားဖြစ်သူ ဆုံးပါးသွားလေရာ မိဘမဲ့များနှင့် မုဆိုးမများက ဆွေမျိုးများ မဟုတ်ကြတော့သလိုမျိုး သူမမြေးများကိုလည်း ချစ်ခင်မှုမရှိပေ။

လျှိုဝမ်ဟူကလည်းပြောလေသည်။

"မှန်တယ်…ဒါကြောင့်မို့လို့ ငါတို့က မိသားစုကိုယူပြီး အဘိုးကြီးကို လူအိုတစ်ယောက်ရသင့်တဲ့ အရာအားလုံးကို ပေးခဲ့တာ…သူ့အနေနဲ့ နောက်အိမ်ထောင်ပြုချင်တယ်ဆိုရင်တော့ သူလုပ်ချင်တာမှန်သမျှ လုပ်နိုင်တယ်…ဒါပေမဲ့ ငါတို့ရဲ့ လျှိုရဲ့အိမ်ဟောင်း ၊ပိုက်ဆံနဲ့အစားအသောက်တွေကိုတော့ အပိုင်သိမ်းနိုင်မှာ မဟုတ်ဘူး"

ဝူချိုက်ရှန်း စကားပြောချင်ပေမဲ့ မည်သို့ပြောရမှန်းကို မသိသလို လူတိုင်းရှေ့မှာ အမြဲရှက်စရာကောင်းလွန်းသည်ဟု သူမခံစားရ၏။

ယန်ယန်က ပြန်ပက်လိုက်သည်။

"ဘာကို ခင်ဗျားတို့လျှိုမိသားစုလဲ… လျှိုမိသားစုဟောင်းကို ခင်ဗျားက ဘယ်လောက် ကိုယ်စားပြုလို့လဲ…ကျုပ်အစ်ကိုနဲ့ ကျုပ်က လျှိုမိသားစုဟောင်းက မဟုတ်ဘူလား…ကျုပ်တို့ မိသားစုရဲ့ အစားအသောက်က ကျုပ်အမေနဲ့ ကျုပ်အဖေရဲ့ အလုပ်မှတ်တွေက ရတာမဟုတ်ဘူးလား… ခင်ဗျား

က မတစ်မှတ် ပေးလို့လား… ဘာလို့ ခင်ဗျားကို မျှရမှာလဲ"

"ဒါဆို ငါကရော… ငါက နင့်အဖွား… အဲ့ဒါကြောင့် ငါ့ကို အမှတ်တွေပေးရမယ်"

အမျိုးသမီးဝူ စိတ်တိုနေ၏။ဤမြေးမကို ကြည့်လေလေ သူမ သည်းမခံနိုင်လေပါပင်။

ယန်ယန်က ဒေါသတကြီးနှင့်ပြောလိုက်သည်။

"ခင်ဗျားက မိန်းမအိုကြီး… ကျုပ်အဖွားမဟုတ်တော့ဘူးးး…"

ဤတစ်ခါ သူမက ပျားအုံကို ဓားနှင့်ထိုးမိလိုက်ပြီး အမျိုးသမီးဝူနှင့် လျှိုဝမ်ဟူတို့က ယန်ယန်ကို ထပ်ပြီး အော်ဟစ်ဆူပူပါတော့၏။

လင်းလန်: "ပါးစပ်ပိတ်ထားစမ်း"

သူမ ပြောလိုက်သည်နှင့် တုန်ဟွိုင်ဟွကလည်း

ချက်ချင်းဆိုသလို တံတွေးစင်အောင်ပြောတော့သည်။

"ရှင်တို့မိသားစုက ဘာပြောထားလဲ…ရှင်ကဘာလို့ ခွဲထွက်ချင်ရတာလဲ…မိသားစုတိုင်းက မိသားစုပဲလေ… မိသားစုရဲ့သား သေရင် အသက်ကြီးတဲ့သူက မြေးတွေကို ပြုစုပျိုးထောင်ပေးနေကြတဲ့တဲ့လူတွေချည်းပဲ…ရှင်ဘယ်လိုများလုပ်နိုင်ရတာလဲ.. . အဘွားကြီး ရှင့်မှာ ဘယ်လိုမှ လူသားခံစားချက် လုံးဝမရှိဘူး… သားသမီးတွေရဲ့ ရိုးတွင်းခြင်ဆီတွေကိုတောင် ညှစ်ထုတ်တော့မှာလား"

တုန်ဟွိုင်ဟွ ယခင်က လိုက်မမီခဲ့သဖြင့် ယခုချိန်မှာသဘာဝအတိုင်း သူမနောက်ကျကျန်နေတော့မှာ မဟုတ်ပေ။ သူမ အမျိုးသမီးဝူကို ငေါက်ကာ မျက်လုံးလှန်ပြလိုက်သည်။

သားသမီးမြေးမြစ်တွေရဲ့ ရိုးတွင်းခြင်ဆီစုပ်တဲ့ အင်မော်တယ်အိုကြီးလိုမျိုး

ဘာလို့များဖြစ်လာရတာလဲ…

တုန်ဟွိုင်ဟွက လျှိုဝမ်ဟူနှင့်စွန်းအိုက်ဖန်ကို ထပ်ပြီး ကြိမ်းမောင်းလိုက်၏။

"လူတိုင်းက ညီအကိုတွေဆိုတာက မွေးချင်းတွေလို့ ပြောကြတယ်…နင်တို့က နင်တို့ရဲ့ ညီအစ်ကိုတွေကို ကိုယ့်ဖာသာ ခုတ်ထစ်ချင်နေကြတာ… ငါတို့ ရှန်ရွှေ့ရွာကို တကယ်အရှက်ရစေတယ်…"

ယန်ယန် ငိုတော့သည်။

လင်းလန်က ပြောလိုက်သည်။

"ဒါဆို လျှိုအားဟူက ဘယ်လိုသေတာလဲ… ဒီရက်ပိုင်းမှာ တစ်ယောက်မှ မရှိတာ ဘာကြောင့်လဲ"

သူမ ထိုဟာကို တစ်ခါမှ မကြားခဲ့မိပေ။

လျှိုကွေ့ဖာ: "ကျန်းမာရေးမှူးနဲ့ ပြခဲ့တာ… ပြီးခဲ့တဲ့လက သိပ်မကောင်းဘူး…အရေးပေါ်အခြေအနေဖြစ်ခဲ့တယ်… ရင်ဘတ်နာတယ်လို့ ပြောပြီး ရုတ်တရက် အသက်မရှူနိုင်တော့ဘူး"

လင်းလန်: "ဘာလို့ ခရိုင်ကို သွားမပြတာလဲ"

ယန်ယန်က အမျိုးသမီးဝူနှင့်လျှိုဝမ်ဟူတို့ကို ချက်ခြင်းစိုက်ကြည့်ကာ ဆိုလေသည်။

"ခင်ဗျားတို့က ကျုပ်အဖေကို သတ်ခဲ့တာ…ကျုပ်အမေက ကျုပ်အဖေကို ခရိုင်ဆေးရုံကို ပို့မယ်လို့ ပြောခဲ့ပေမဲ့… ခင်ဗျားတို့အားလုံးက ဆေးခန်းသွားတာက ဘာမှကောင်းတာမရှိဘူး…ဘာမှမဖြစ်ရင်တောင် ရောဂါရှာတွေ့လိမ့်မယ်ဆိုပြီး အခိုင်အမာပြောနေကြတာလေ…သွားခွင့်မပြုကြဘူး… ကျုပ်အဖေရဲ့ ပိုက်ဆံကုန်မှာကို ကြောက်နေတယ်ဆိုတာ ကျုပ်နားလည်

သွားပြီး…ကျုပ်အဖေသေပြီး ကျုပ်တို့မိသားစုရဲ့ ပိုက်ဆံနဲ့ စားနပ်ရိက္ခာတွေကို အပိုင်သိမ်းနိုင်ဖို့ ခင်များတို့မျှော်လင့်စောင့်စားနေကြတာလေ …ခင်ဗျားတို့က လူယုတ်မာတွေ…ကျုပ်ခင်ဗျားတို့ကို တရားစွဲချင်တယ်…"

သူမက ဝူချိုက်ရှန်းဆီက ထွက်လာကာ မြေပြင်ပေါ်တွင် ဒူးထောက်ချလိုက်ပြီး ပြောလေ၏။

"အတွင်းရေးမှူးနဲ့အုပ်ချုပ်ရေးမှူးကြီးတို့…ကျုပ် လျှိုဝမ်ဟူနဲ့ အဘွားကြီးကို တရားစွဲချင်ပါတယ်…သူတို့အဖေ့ကို သတ်လိုက်ကြတာ …နေ့လည်ခင်းမှာ လျှိုဝမ်ဟူက အဖေနဲ့ စကားပြောနေတာကို ကျုပ်တွေ့လိုက်ရတယ် …သူက သူ့လက်ကို အဖေ့လည်ပင်းမှာ တင်လိုက်ပြီး အဲ့ဒီနောက် …အဲဒီနောက် အဖေ့ကို သတ်ပစ်လိုက်တယ်…ကျုပ်အဖေကို လည်ပင်းညှစ်သတ်ပစ်ခဲ့တာ လျှိုဝမ်ဟူပဲ…"

" နင် …မတရားမစွပ်စွဲနဲ့…"

လျှိုဝမ်ဟူက ရုတ်တရက်ပကြီး ပေါက်ကွဲသွားပြီးဆိုသည်။

"သူက ငါ့ညီအစ်ကိုလေ…ငါဒီလိုတရားလွန်တဲ့အလုပ်မျိုးမလုပ်ဘူးကွ"

လူအုပ်ထဲက တစ်ယောက်ယောက်က သရော်လိုက်၏။

"ဒါဆို ဘယ်လိုတရားလွန်တဲ့အလုပ်လုပ်ခဲ့တာလဲ"

***

Part 477

လှို့ဝမ်ဟူက ရုတ်တရက်ပကြီး ပေါက်ကွဲသွားပြီးဆိုသည်။

"သူက ငါ့ညီအစ်ကိုလေ...ငါဒီလိုတရားလွန်တဲ့အလုပ်မျိုးမလုပ်ဘူးကွ"

လူအုပ်ထဲက တစ်ယောက်ယောက်က သရော်လိုက်၏။

"ဒါဆို ဘယ်လိုတရားလွန်တဲ့အလုပ်လုပ်ခဲ့တာလဲ"

လှို့ဝမ်ဟူက ချက်ချင်းပဲ သူက မတရားစွပ်စွဲခံရသည်ဆိုပြီးပြောတော့သည်။

"ဒုတိယညီ ငါ့အတွက် တစ်ခုခုကို အပ်ထားချင်တာ...အဲ့ဒါကြောင့် ငါသွား နားထောင်ခဲ့တာ... ငါ ဘယ်မှာ သေအောင် လည်ပင်းညှစ်လို့လဲ"

လင်းလန် : "လှို့အားဟူက ရှင့်ကို ဘာအပ်ထားတာလဲ..."

လှို့ဝမ်ဟူ၏နှုတ်မှလွှတ်ခနဲထွက်လာ၏။

"...ဖတဆိုးလေးတွေနဲ့ မုဆိုးမကို စောင့်ရှောက်ခိုင်းတာပါပဲ... ငါလုပ်သင့်တာမဟုတ်ဘူးလား... ဒါပေ့ါ ငါဂရုစိုက်မှာပေ့ါ... အားလုံးက ငါတို့ရဲ့လှို့မိသားစုက ဆိုတော့ ပြင်ပလူတွေကို အခွင့်ကောင်းယူခွင့် မပြုနိုင်ဘူး"

လင်းလန်က လှောင်ပြောင်ပြောဆိုလိုက်သည်။

" ကောင်းကောင်း ဂရုစိုက်ပေးတာ ကောင်းပါတယ်... အိမ်ထဲမှာ ပိုက်ဆံနဲ့ စားစရာတွေကို သိမ်းထားပြီး သူတို့ မောင်းထုတ်ပစ်လိုက်တာ တော်တော်လေး ကောင်းတယ်နော်"

လှို့ဝမ်ဟူ၏ မျက်နှာက ခရမ်းရောင်ပြောင်းသွားသော်လည်း သူစကားမ

ပြောနိုင်ပေ။

လာစမ်းပါ... ငြင်းဖို့ခက်တယ်မလား...

နောက်ဆုံးတွင် ဟန်ရုံဖန်ကဆိုလိုက်၏။ "အသေးအဖွဲကိစ္စနဲ့ မင်းငါ့ကို အနှောက်အယှက် ပေးနေတယ်...မင်းတို့အားလုံး ကြာပွတ်စာမိတော့မယ်နော် ... မင်းတို့က မိသားစုတွေ ခွဲထားတာ... မိသားစုတစ်ခုစီမှာ ကိုယ်ပိုင်ကိစ္စရှိတယ်...လှိုအားဟူရဲ့ ဈာပနကို အစ်ကိုအကြီးဆုံးက ကူညီသင့်တယ်...မင်းက ထင်းနဲ့စားစရာတွေကို မပေးချင်ဘူးဆိုရင်တော့ တပ်မဟာက ကူညီပေးမှာပါ... ဆင်းရဲသားတွေကို တပ်မဟာက ကူညီပေးရင်တောင် လှိုအားစူရဲ့ မိသားစုက အဲဒီအတွက် ပေးစရာ မလိုဘူး"

ထိုစကားပြီးသောအခါတွင် သူက အုပ်ချုပ်ရေးမှူးကိုပြောလိုက်သည်။

"နောင်မှာ ဒီလိုမျိုး ကြုံလာရရင် မင်း ကြာပွတ်နဲ့ ပြန်ရိုက်ခံလိမ့်မယ်...မင်းက အုပ်ချုပ်ရေးမှူးလေ...သေနေတာလား... လွန်ခဲ့တဲ့နှစ်ပေါင်း 800 လောက်ကအကွက်တွေ ကစားနေတုန်းပဲလား ...ဒီနေ့ တရားဝင်ပြောမယ် ...ရှင်းရှင်းပြောရရင် အနာဂတ်မှာ ယောကျ်ားဖြစ်သူက ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့မိန်းမ သားသမီး ညီအစ်ကိုတွေကို ထားခဲ့ရင် တပ်မဟာက ကူညီပေးလိမ့်မယ်... မိန်းမဖြစ်သူအလုပ်မှတ်များရဖို့အတွက် ရေရှည်အလုပ်စီစဥ်ပေးမယ်... ကလေးတွေလည်းသူတို့လုပ်နိုင်တဲ့အလုပ်အတွက် အမှတ်အချို့ကိုလည်း ရလိမ့်မယ်... နှစ်ကုန်မှာ သူ့တို့ စားနပ်ရိက္ခာအတွက် သင်တင့်လျောက်ပတ်စွာ ထောက်ခံရလိမ့်မယ် ...ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ တပ်မဟာကလူတွေကို ငတ်အသေခံမဟုတ်ဘူး"

အဆုံးတွင် သူက ထပ်ဖြည့်ပြော၏။

" နောက်အိမ်ထောင်ပြုချင်တာက သူတို့ကိုယ်ပိုင်ကိစ္စပဲ...ကလေးတွေကို စနစ်တကျစီစဉ်ထားသရွေ့ ဘယ်သူကမှ ဝင်စွက်ဖက်စရာအကြောင်းမရှိ

ဘူး"

ဤစကားလုံးတွေက အတွေးအမြင်သစ်ကိုဖော်ဆောင်နေပြီး လူအိုကြီးတစ်စု၏ မျက်နှာများ ပြန်အတွန်းခံလိုက်ရ၏။

လင်းလန်က ပြုံးလိုက်သည်။

လျှိုဝမ်ဟူက လျှိုအားဟူသည် သူဘာသာသူ နဂိုတည်းက သေတော့မည်ဖြစ်ကြောင်း၊သူ့ကြောင့် သေခြင်းမဟုတ်ကြောင်း နှင့်ယန်ယန်ကသူ့ကိုချောက်ချနေခြင်းဖြစ်ကြောင်း သက်သေထွက်ဆိုရန် ကျန်းမာရေးမှူးကိုဆွဲခေါ်လာခဲ့၏။

ကျန်းမာရေးမှူးက ဖြေးဖြေးချင်း ဆိုလေသည်။ "လျှိုအားဟူက ပြင်းပြင်းထန်ထန် နေမကောင်းဖြစ်နေပြီး ဒီနှစ် သက်ရှင်မှာမဟုတ်ဘူး...ဒါပေမဲ့ နေ့ခင်းဘက် မရောက်ဖြစ်တော့တဲ့အတွက် မင်းသူ့ကိုလည်ပင်းညှစ်သလား မညှစ်သလားတော့မသိပါဘူး"

သူသေတာကို နှေးလွန်းတယ်လို့ထင်နေတာလား...

လျှိုဝမ်ဟူ: "မင်း...မင်းဘာလို့ဒီလိုပြောနေတာလဲ..."

ကျန်းမာရေးမှူးက ချက်ချင်းပြန်ပြော၏။

"ရှင်ခြင်း နဲ့သေခြင်းဆိုတာ ကံကြမ္မာရဲ့ အဆုံးအဖြတ်ပါပဲ... စည်းစိမ်နဲ့ဂုဏ်ဆိုတာ ကောင်းကင်မှာရှိတယ်...လူတိုင်းမှာ သူ့ကံကြမ္မာနဲ့သူရှိကြတယ်...ဒီမရဏဘုရင်ရဲ့ ကံကြမ္မာက....."

"အချိန်နီးနေပြီ"

လျှိုကွေ့ဖာက က သူ့ကို လက်တစ်ဖက်ကမ်းလိုက်သည်။

မင်းက ကျန်းမာရေးမှူးလား အကဆရာလား...

ရှင်ခြင်းနဲ့ သေခြင်းက ကံကြမ္မာ နဲ့ စည်းစိမ် ဥစ္စာ အပေါ်မှာ တနေကုန်

မူတည်တယ်...

ကျန်းမာရေးမှူးက ပြုံးရုံသာပြုံးပြီး

"မင်းငါ့ကိုမပြောခိုင်းရင် ငါပါးစပ်ပိတ်ထားလိုက်မယ်"

ဟန်ရုံဖန်က အားနည်းသူတွေကို မျက်စိစုံမှိတ်မျက်နှာသာမပေးပါချေ။ ယန်ယန်က လျှိုဝမ်ဟူကို တရားစွဲပေမဲ့ သက်သေမရှိသလို ကလေး၏ ဒေါသစကားသာဖြစ်သဖြင့် အတည်ယူ၍မရပေ။

စင်စစ်အားဖြင့် ဂူချိုက်ရှန်းက အယူခံမဝင်ခဲ့၊ဆိုလိုသည်မှာ လျှိုအားဟူက သူ့ဘာသာသူ သေဆုံးသွားခြင်းဖြစ်သည်။

သို့ရာတွင် ယန်ယန်၏ အော်ဟစ်သံက လျှိုဝမ်ဟူကို အတော်လေး ထိတ်လန့်သွားစေခဲ့ပြီး သူ့မွေးချင်းငယ်တွေကို လှည့်စားရန် ကြိုးစားဖို့ကို မဆိုထားနှင့်၊ သူ့လျှာကိုဆုံးရှုံးသွားကာ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ရှင်းပြမရမှာကို စိုးရိမ်သဖြင့် အနာဂတ်မှာ အိမ်တံခါးကို ဘယ်တော့မှ လာဝံ့မှာ မဟုတ်ပါချေ။

ဟန်ရုံဖန်က ဤကိစ္စကို ဦးစီးဦးဆောင်အဖြစ် ဆက်လုပ်လာသည်နှင့်အမျှ ဤကိစ္စကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်မည်ပင်။ဝမ်ချိုက်ရှန်းအနေဖြင့် တပ်မဟာရှိ သေချာသည့် ရေရှည်အလုပ်တစ်ခုတွင် ဝီရိယရှိရှိလုပ်နိုင်သရွေ့ သူမ နှစ်ကုန်တွေ့ဆုံပွဲပြုလုပ်နိုင်မှာဖြစ်သည်။

ထို့ပြင် ရွာက ပစ္စည်းတွေကို ကိုယ်တိုင်မချုပ်နိုင်ပါက စပါး အနည်းအကျဉ်းပေးကာ သူမကို ကူညီရန် တောင်းဆိုနိုင်၏။

ဤစကားကို ပြောသည့်အခါ ဟန်ရုံဖန်က ဘာမှမဟုတ်သလိုထင်ရသည့် အကြည့်နှင့် သူမကိုစိုက်ကြည့်နေသည်ဟုခံစားရသည်။

ငါ့ဘာငါ ချုပ်နိုင်ပါတယ်နော်..

ယန်ယန်က တပ်မဟာ၏ အစီအစဉ်ကို နားထောင်ပြီး တပ်မဟာက သူမကို ထောက်ခံကြောင်း မြင်သောကြောင့် ဒူးထောက်ကာ ဟန်ရုံဖန်ကို အကြိမ်အနည်းငယ် ကန်တော့လိုက်၏။

အုပ်ချုပ်ရေးမှူးက ချက်ချင်း သူမကိုဆွဲထူပြီး ပြောလိုက်သည်။

"ငါတို့ လူ့အဖွဲ့အစည်းသစ်က ဒီလိုမျိုး မကြိုက်ဘူး...မှားယွင်းစွပ်စွဲတယ်လို့ သတင်းပြန့်တာမကောင်းဘူး"

ယန်ယန်က ခေါင်းညိတ်ပြီး

"ကျေးဇူးတင်ပါတယ် အတွင်းရေးမှူး...အုပ်ချုပ်ရေးမှူး...ညွှန်မှူးနဲ့ ဆရာမလင်း.... "

နောက်ဆုံးတွင် သူမ လင်းလန်ကိုကြည့်ကာဆို၏။

"အမျိုးသမီးလင်း ...သမီးကျောင်းမတက်နိုင်တော့ဘူး အဒေါ်နဲ့စာဖတ်လို့ ရမလား ...ကျောင်းသားတွေထက်တော်အောင် ကိုယ်ဘာကိုယ် သင်ယူခဲ့တယ်လို့သမီးကြားခဲ့တယ် "

လင်းလန် ရုတ်တရက် အနည်းငယ် ရှက်သွားသလို ခံစားလိုက်ရကာ ပြုံးပြီးပြောလိုက်သည်။

" ဟုတ်တယ်... မင်းက စာရေးတတ် ဖတ်တတ်တယ်...ဘာလို့ ငါတို့ ဝါဒဖြန့်အဖွဲ့နောက်ကို မလိုက်ရမှာလဲ "

ဤသည်က ရိက္ခာကတ်တီ အနည်းငယ်ရရန် ကူညီပေးနိုင်၏။

မှန်သည်ပင်၊ယန်ယန် ဝမ်းသာအားရဖြစ်သွားပြီး ဆိုလေ၏။

"သမီးအလုပ်မှတ်တွေ မလိုချင်ပါဘူး... ပညာတချို့ပဲ သင်ယူချင်ပါတယ်"

လင်းလန်နှင့် တုန်ဟွိုင်ဟွတို့က ရက်ရောကြောင်း သူမသိသည်။ သူတို့သာ အလုပ်မှတ်တွေ မလိုပါက စားစရာတွေကို သဘာဝအတိုင်းပေးလိမ့်

ပေမည်။

တုန်ဟ္ဝိုင်ဟွကလည်း သဘောတူ၏။

"ဒါပေမဲ့ မင်းရဲ့အရည်အချင်းပေါ်မှာလည်း မူတည်တယ် …မင်းမှာ အဲဒီ အရည်အချင်း မရှိဘူးဆိုရင် ကြိုးစားရလိမ့်မယ်"

ယန်ယန် သူမကြိုးစားပါ့မည်ဟု ပြောခဲ့သည်။

ဟန်ရုံဖန်က ထပ်ပြီးပြော၏။

"ပြီးပြီ… အိမ် ပြန်အိပ်ရအောင်…မနက်ဖြန် ဂျုံပျိုးပင်တွေကို ကြည့်ပြီး ပြန်စိုက်ရမယ်"

သူက လက်နှစ်ဖက်ကို နောက်ပစ်ကာ ဦးစွာ ထွက်ခွာသွားပြီး အုပ်ချုပ်ရေးမှူးက နောက်က လိုက်သွားခဲ့သည်။

လျှိုကွေ့ဖာက လျှိုဝမ်ဟူကိုပြောလိုက်၏။

"အနာဂတ်မှာ ယန်ယန်နဲ့ တခြားသူတွေနဲ့ ဝေးဝေးနေ…လူတွေက မင်းကို ခိုးပြီး ရိုက်နှက်တယ်လို့ ထပ်စွပ်စွဲရင် ငါ မင်းကို ယဉ်ကျေးနေမှာ မဟုတ်ဘူး"

လျှိုဝမ်ဟူ ဒေါသထွက်လွန်း၍ သူ့ခြေဖဝါးကနေ အထက်တိုင် ပူလောင်လာသည်။ ဘယ်သူ့ကိုမှ မထိဝံ့သလို ယခုအချိန်တွင် ကြမ်းတမ်းသော စကားလုံးများကိုပင် မပြောဝံ့သောကြောင့် ခရမ်းရောင်ပြောင်းနေသော မျက်နှာအိုကြီးဖြင့် ထွက်ခွာသွားရုံသာတတ်နိုင်ခဲ့သည် ။

***